# ဇန်နဝါရီလ ၂၀၁၇ ခုနှစ်၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် မြန်မာနိုင်ငံ တွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး ထိန်းသိမ်းခံ ထားရသူ ၂၅၀ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၈၆ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၉၀ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၇၄ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရ သည်။



ဓာတ်ပုံ ဧရာဝတီ
ဇန်နဝါရီလ ၂၀၁၇ ခုနှစ်

**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

**P.O Box 93, Mae Sot, Tak Province 63110, Thailand**
**E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org**

အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏ တွစ်တာစာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

# မာတိကာ


နိုင်ငံရေးအကျဉ်းသားများ......3

- ထိန်းသိမ်းခံရခြင်းများ......3
- တရားရင်ဆိုင်ရခြင်းများ......6
- ထောင်တွင်းအခြေအနေများ......7
- ထောင်မှလွတ်မြောက်မှုများ......8

နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ......10

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ......12

အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links......13

***************************

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) ၏ ဥပဒေအကြံပေးတစ်ဦးဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ကိုနေဝင်းတို့ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် သေဆုံးခဲ့ခြင်းအတွက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ထပ်တူ ကြေကွဲ ဝမ်းနည်းရပါသည်။ ဦးကိုနီသည် ထူးချွန်သော ဥပဒေပညာရှင်တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံတွင်း ဒီမိုကရေစီရေးရာလုပ်ငန်းစဉ်နှင့် လူ့အခွင့်အရေးလှုပ်ရှားမှုတွင် ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။ အရေးပါသော ပြယုဂ်တစ်ခုအဖြစ် ပြီးခဲ့သည့်နှစ်၊ ဧပြီလတွင် နိုင်ငံရေး အကျဉ်းသားအများအပြားကို လွှတ်ပေးခဲ့ရာ၌ ဦးကိုနီသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်ပြီး AAPP နှင့်လည်း နီးကပ်စွာ မဟာမိတ်အဖြစ်ဆက်ဆံသူဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ဦးကိုနီအား လွန်စွာအမှတ်ရနေလိမ့်မည်ဖြစ်သည်။ ဦးကိုနီနှင့် ဦးနေဝင်းတို့ သေဆုံးခြင်း အတွက် AAPP မှ အစိုးရအား ပွင့်လင်းမြင်သာ၍ မျှတမှုရှိသော စုံစမ်းစစ်ဆေးမှုအား အမြန်ဆုံးပြုလုပ်ပေးပါရန် တိုက်တွန်းပါသည်။ ထို့အတူ ဦးကိုနီလုပ်ကြံခံရမှုတွင် မိမိ၏အသက်ကိုပင် ပဓာနမထားပဲ အကြမ်းဖက်သမားအား လိုက်လံဖမ်းဆီးရင်း အသက်ပေးလှူခဲ့သည့် အငှား ယာဉ်မောင်း ဦးနေဝင်းအားလည်း မိမိတို့ AAPP မှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။ AAPP မှ ဦးကိုနီနှင့် ဦးနေဝင်းတို့၏ မိသားစုဝင်များနှင့် မိတ်ဆွေ အပေါင်းအသင်းများအား အထူး ဝမ်းနည်းကြောင်း သတင်းစကား ပြောကြားအပ်ပါသည်။

***************************

# နိုင်ငံရေးအကျဉ်းသားများ

## ▪ ထိန်းသိမ်းခံရခြင်းများ

**စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင် နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း**

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကချင် သင်းအုပ်ဆရာနှစ်ဦးဖြစ်သော ဦးဒွယ်ဒေါ့နောင်လတ်နှင့် ဦးဂျော်ဂမ်ဆိုင်းတို့သည် ပျောက်ဆုံးသွားခဲ့သည်။ အစောပိုင်းတွင် တပ်မတော် မှ ၎င်းတို့နှစ်ဦးအား အချုပ်ထဲတွင် ထိန်းသိမ်းထားသည်ကို ငြင်းပယ်ခဲ့သည်။ ၎င်းတို့၏ မိသားစုဝင်များ၊ ဒေသခံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ စုံစမ်းစစ်ဆေးပေးပါရန် တောင်းဆိုခဲ့ပြီးနောက် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် တပ်မတော်မှ ၎င်းတို့နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်းထားေ ကြာင်း အတည်ပြုခဲ့သည်။ တစ်လကြာ ထိန်းသိမ်းထားခဲ့ပြီးနောက် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ထိုသင်းအုပ် ဆရာနှစ်ဦးအား မူဆယ်ရဲစခန်းသို့ လွှဲပြောင်းခဲ့သည်။ ၎င်းတို့အား မတရားအက်ဥပဒေ၊ ပုဒ်မ ၁၇(၁)(၂) ဖြင့် အမှုဖွင့်ထားသည်။ မူဆယ်ရဲစခန်းမှ စခန်းမှူး ဦးအေးမြင့်မှ ၎င်းတို့နှစ်ဦးအား မတရားအသင်းအက်ဥပဒေ၊ ပုဒ်မ ၁၇(၁)(၂) တို့ဖြင့် တရားစွဲဆိုသင့်သည်ဟု တပ်မတော်မှ အဆိုပြုထားပြီး မြို့နယ် သို့မဟုတ် ခရိုင် ဥပဒေရေးရာဌာန၏ အကြံပြုချက်ရရှိလျှင် ၎င်းတို့အနေဖြင့် ဥပဒေအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းတို့၏ ပထမအကြိမ်ရုံးချိန်း အား ဖေဖော်ဝါရီလဆန်းတွင် စတင်မည်ဟု ခန့်မှန်းထား သည်။ ထိုသင်းအုပ်ဆရာနှစ်ဦးသည် ကချင် လွတ်မြောက်ရေး တပ်မတော် (KIA) အတွက် ဓာတ်ဆီများ သယ်ယူပို့ဆောင်ပေးခြင်း၊ သတင်းပေးခြင်း၊ လူသစ်စုဆောင်းပေးခြင်းနှင့် မဟုတ်မမှန် လုပ်ကြံ ဝါဒဖြန့်ခြ င်းတို့ ပြုလုပ်ကြောင်း စွပ်စွဲခံထားရသည်။ ကချင်နှစ်ခြင်းအသင်းတော် (KBC)မှ ထိုသင်းအုပ်ဆရာနှစ်ဦးသည် အပြစ်မရှိပဲ တိုက်ပွဲ အတွင်း ဒဏ်ရာရရှိသူများကို မုန်းကိုးတွင် ကူညီပေးနေသူများဖြစ်သည်ဟုပြောကြားခဲ့သည်။ စစ်ပွဲတွင်း အကြမ်းဖက်မှုများကို မြင်သာစေရန် ပြသ၊ ကူညီခဲ့ ခြင်းအတွက် ၎င်းတို့သည် လက်တုံ့ပြန်ခံရဟန်ရှိသည်ဟု Fortify Rights ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ မတ်သရူးစမစ်မှ ပြောကြားခဲ့သည်။ ထို့ပြင် ပြည်တွင်းနှင့် ပြည်ပမှတောင်းဆိုမှုများပြုလုပ်ခြင်းကြော င့် စစ်တပ်မှ ၎င်းတို့ ထိန်းသိမ်းထားသည်ကို ထုတ်ပြန်ခဲ့သည်။

ဦးဒွယ်ဒေါ့နောင်လတ်နှင့် ဦးဂျော်ဂမ်ဆိုင်း တို့အား ထိန်းသိမ်းထားကြောင်း အတည်ပြုခဲ့ပြီးနောက် တပ်မတော်မှ မုန်းကိုးမြို့ထဲ၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် ထိုဒေသတွင် ရဲတပ်ဖွဲ့မရှိခြင်းကြောင့် ၎င်းတို့နှစ်ဦးအား အမှုဖွင့်၍ စစ်ဆေးမေးမြန်း၊ ထိန်းသိမ်းခြင်းမပြုနိုင်ခဲ့ပါဟု ပြောကြားခဲ့သည်။ တပ်မတော်မှ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၇၆ နှင့်အညီ ၎င်းတို့အား စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်းပြောကြားခဲ့ပြီး ထိုပုဒ်မထဲတွင် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင် ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်မရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိပဲ မည်သူ့

ကိုမျှ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်း မပြုရဟု ဖော်ပြထားသည်။

ဦးဒွယ်ဒေ့ါနောင်လတ်နှင့် ဦးဂျော်ဂမ်ဆိုင်းတို့သည် ၎င်းတို့ မပျောက်ဆုံးမီ မီဒီယာသမားများနှင့်တွေ့ဆုံခဲ့ကာ မုံးကိုးမြို့ အတွင်း တိုက်ပွဲဖြစ်ပွားစဉ်က ဒေသခံများ၏ အခြေအနေများ ၊ တပ်မတော်က လေကြောင်း အသုံးပြု ဗုံးကြဲခြင်းများ ပြုလုပ်သဖြင့် ဘုရားကျောင်းများ ပျက်စီးခဲ့ခြင်းများကို အင်တာဗျူးပေးခဲ့ပြီး သတင်းထောက် တချို့ကိုလည်း မုံး ကိုးဒေသအတွင်း လှည့်လည် ပြသခဲ့သူများ ဖြစ်သည်။ အစိုးရပိုင် သတင်းစာဖြစ်သော မြန်မာ့ အလင်းသတင်းစာမှ စစ်တပ်တွင် တာဝန်ရှိသည်ကို ငြင်းဆိုခဲ့ပြီး မုန်းကိုးဘုရားကျောင်းတွင်း၌ မြောက်ပိုင်းမဟာမိတ် တပ်ဖွဲ့မှ လက်နက်ခဲယမ်းများ သိုလှောင်ထားခြင်းကြောင့် ဘုရားကျောင်း ဖျက်ဆီး ခံရခြင်း ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကတည်းက မုန်းကိုးမြို့နယ်သည် စစ်တပ် နှင့် မြောက်ပိုင်းမဟာမိတ်ဖွဲ့တို့ တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားသည့်နေရာဖြစ်ပြီး ဒေသခံများစွာတို့သည် အိုးအိမ် စွန့်ခွာ ထွက်ပြေး ခဲ့ကြရသည်။

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်၊ မြန်မာတိုင်း](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ ဧရာဝတီ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ ဘီဘီစီ/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ ဧရာဝတီ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ မြန်မာတိုင်း](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ ဒီဗွီဘီ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ ဗွီအိုအေ/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ ဘီဘီစီ/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ ဧရာဝတီ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ မြန်မာတိုင်း](#)

**ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှု အကြိမ်ကြိမ်ငြင်းပယ်ခံရ**

ဇန်နဝါရီလ ၇ ရက်နေ့နှင့် ဇန်နဝါရီလ ၁၁ ရက်နေ့တို့တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ သုတေသနဌာန၏ အတွင်းရေးမှူးဖြစ်သူ ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှုသည် ထပ်မံ ငြင်းပယ်ခြင်းခံခဲ့ရသည်။ ကိုမျိုးရန်နောင်သိမ်းသည် သူ၏ လူမှုကွန်ရက်စာမျက်နှာတွင် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အသရေဖျက်ခဲ့ခြင်းအတွက် ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့် တရားရင်ဆိုင်နေရသည်။ သူသည် မောင်တော နယ်စပ်တိုက်ခိုက်မှုများနှင့် ဆက်နွယ်၍ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဝေဖန်ခဲ့ခြင်းဖြစ်ပြီး သူ၏ ဇနီးဖြစ်သူမှ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အခြေခံကာ အမှန်တရားကို ဝေဖန်ခဲ့ခြင်းသာဖြစ်ပြီး စော်ကားခဲ့ခြင်းမဟုတ်ပါဟု ပြောကြားခဲ့သည်။ နိုဝင်ဘာလ ၃ ရက်နေ့ကတည်းက ကိုမျိုးရန်နောင်သိမ်းသည် ထိမ်းသိမ်းခံထားရသည်။ ဇန်နဝါရီလ ၁၇ ရက်တွင်လည်း သူ၏ လေးကြိမ်မြောက် အာမခံ လျှောက်ထားမှုသည် ထပ်မံ၍ ပယ်ချခြင်းခံခဲ့ရသည်။ တရားသူကြီးမှ အမျိုးသမီး၊ သက်ကြီးရွယ်အို၊ နာမကျန်းဖြစ်နေသောသူများကို အာမခံ ခွင့်ပြုခြင်းဖြစ်ပြီး ကိုမျိုးရန်နောင်သိမ်းသည် အာမခံရရှိမည့် အုပ်စုထဲတွင် အကျုံးမဝင်ပါဟု ပြောကြားခဲ့သည်။ သူ၏ ရှေ့နေဖြစ်သူမှ အာမခံ ထပ်မံလျှောက်ထားတော့မည်မဟုတ်ပါဟု ပြောကြားခဲ့သည်။ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကမာရွတ်မြို့နယ်တရားရုံး၌ ဦးမျိုးရန်နောင်သိမ်းကို ရုံးထုတ်ခဲ့ခြင်းဖြစ်ပြီး သူ့အား စွဲချက် တင်သင့်၊ မတင်သင့် နှစ်ဖက်စလုံး လျှောက်လဲချက် ပေးခဲ့ကြသည်။ ထိုလျှောက်လဲချက်နှင့် ပတ်သက်၍ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကမာရွတ်မြို့နယ်တရားရုံး၌ အမိန့်ချမည်ဖြစ်သည်။

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ မဇ္ဈိမ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ The Guardian](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊ မြန်မာတိုင်း](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊ မြန်မာတိုင်း/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊ အီလဲဗင်း/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ မြန်မာတိုင်း](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ မြန်မာတိုင်း/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ](#)

**ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဟူးမန်းကျေးရွာတွင် ရွာသားနှစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်းခံရ**

ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန်မြို့နယ်၊ ပလောင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟူးမန်းကျေးရွာတွင် နေထိုင်သော ရွာသားနှစ်ဦးအား စစ်တပ်မှ ဖမ်းဆီး၊ ထိန်းသိမ်းခဲ့သည်။ ထိုထိန်းသိမ်းခံထားရသော ရွာသားနှစ်ဦးနှင့် တခြားရွာသားတစ်ဦးတို့သည် အမဲလိုက်နေစဉ် စစ်သားများနှင့် ထိပ်တိုက်တွေ့ခဲ့ကာ စစ်သားများ၏ ဝိုင်းထားခြင်းကိုခံခဲ့ရသည်။ စစ်တပ်မှ ၎င်းတို့အား လက်နက်ကိုင်အဖွဲ့၏ အဖွဲ့ဝင်များဖြစ်သည်ဟု သံသယရှိခဲ့သည်။ ရွာသားသုံးဦးထဲမှ တစ်ဦးသည် တူမီးသေနတ်ကိုင်ထားသောကြောင့် ပစ်သတ်ခြင်းခံခဲ့ရပြီး ကျန်ရွာသားနှစ်ဦးသည် ထွက်ပြေးခဲ့သော်လည်း ဖမ်းဆီးခြင်းခံခဲ့ရသည်။ ရွာသားနှစ်ဦးသည် စစ်ကြောမေးမြန်းခံရချိန်တွင် ဆိုးရွားစွာ ရိုက်နှက်ခံခဲ့ရသည်။ ဖမ်းဆီးခံထားရသော ရွာသားများကို

ဒေသခံများမှ သွားရောက်တွေ့ဆုံရန် ကြိုးစားသော်လည်း ယနေ့အချိန်ထိ တွေ့ဆုံခွင့်မရသေးပါ။
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ သတင်းနှင့် မီဒီယာ ကွန်ရက်/မြန်မာ

**ဘာသာပေါင်းစုံချစ်ကြည်ရေးလှုပ်ရှားသူနှစ်ဦး၏ အယူခံ လျှောက်ထားမှုအား ဆက်လက်ပယ်ချ**

မန္တလေးတိုင်း တရားရုံးမှ ဘာသာပေါင်းစုံ ချစ်ကြည်ရေးလှုပ်ရှားသူနှစ်ဦးဖြစ်သည့် ကိုဇော်ဇော်လတ်နှင့် မပွင့်ဖြူလတ်တို့၏ အယူခံလျှောက်ထားမှုအား ပ ယ်ချခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် ကိုဇော်ဇော်လတ်နှင့် မပွင့်ဖြူလတ်တို့သည် မတရားအသင်းအက်ဥပဒေ ၁၇(၁)ဖြင့် ထောင်ဒဏ်လေးနှစ်ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၁၃ ခုနှစ်တွင် ကချင်ပြည်နယ်၊ စစ်ဘေးရှောင်ဒုက္ခသည်စခန်း၌ ကိုဇော်ဇော်လတ်မှ ရှိင်ဖယ်သေနတ်ကိုင်ကာ ကချင်လွတ်မြောက်ေ ရး တပ်မတော်အဖွဲ့ဝင်များနှင့် တွဲရိုက်ထားသည့် ဓာတ်ပုံများ၊ ၂၀၁၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်သို့သွားရောက်ခဲ့စဉ်က ရိုက်ကူးထားသည့် ဓာတ်ပုံများကို ၎င်းတို့၏ လူမှုကွန် ရက်စာမျက်နှာတွင် ဝေမျှခဲ့ခြင်းအတွက် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ဧရာဝတီ

## ■ တရားရင်ဆိုင်ရခြင်းများ

**KIA နှင့် ဆက်သွယ်ခြင်းအတွက် မတရားအသင်းအက်ဥပဒေဖြင့် ABSDF အဖွဲ့ဝင် ကိုမင်းဒွေး ဆက်လက် တရားရင်ဆိုင်နေရ**

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြန်မာတနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ၏ ဗဟိုကော်မတီဝင်တစ်ဦးဖြစ်သူ ကိုမင်းဒွေးသည် အစိုးရစစ်ဆေးဂိတ်တွင် ဖမ်းဆီးခံခဲ့ရပြီး မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇/၁ ဖြင့် ဆက်လက်တရားရင်ဆိုင်နေရသည်။ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် သူ့အား ကချင်လွတ် မြောက်ရေးတပ်မတော်နှင့် ဆက်သွယ်သည်ဟူသော စွဲချက်ဖြင့် ပထမအကြိမ် ရုံးထုတ်စစ်ဆေးခဲ့သည်။ ယခုလက်ရှိတွင် သူသည် ဗန်းမော် ထောင်တွင် ထိန်းသိမ်းခံထားရသည်။ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် သူ့အား ရုံးထုတ်ခဲ့သော်လည်း တရားလိုသက်သေများကို စစ်ဆေးခြင်း မရှိပဲ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် စစ်ဆေးရန် ချိန်းဆိုခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်၊ မဇ္ဈိမ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ BNI/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ ဧရာဝတီ/မြန်မာ

## ▪ ထောင်တွင်းအခြေအနေများ

**ကျန်းမာရေးအခြေအနေ စိုးရိမ်ရသော်လည်း ကိုခိုင်မျိုးထွန်း၏ အာမခံလျှောက်ထားမှု ငြင်းပယ်ခြင်းခံရ**

ကျန်းမာရေးအခြေအနေ စိုးရိမ်ရသော်လည်း ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ရက္ခိုင့်လွတ်မြောက်ရေးပါတီ (ALP)၏ ဒုတိယ ပြောရေးဆိုခွင့်ရှိသူ၊ လူ့အခွင့် အရေးလုပ်ရှားသူတစ်ဦးဖြစ် သူ ကိုခိုင်မျိုးထွန်း၏ အာမခံလျှောက်ထားမှုသည် ဒုတိယအကြိမ် ငြင်းပယ်ခြင်းခံခဲ့ရသည်။ တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (AA)တို့ကြား တိုက်ပွဲများဖြစ်ပွားနေချိန်တွင်း တပ်မတော်မှ ဒေသခံများအား အဓမ္မလုပ်အားပေး ခိုင်းစေခဲ့ပြီး နှိပ်စက် ညှဥ်းပန်းခဲ့ကြောင်း ALP မှ ကြေငြာချက်ထုတ်ပြန်ခဲ့ခြင်းအတွက် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကိုခိုင်မျိုးထွန်းသည် နိုင်ငံတော်အား အကြည်အညိုပျက်စေမှု၊ မမှန်မကန် သွေးထိုး လှုံ့ဆော်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) နှင့် ၅၀၅(ဂ) တို့ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် စစ်တွေအခြေစိုက် ဒေသဆိုင်ရာ ကွပ်ကဲရေး စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး တင်နိုင်ထွန်းမှ စစ်တွေတရားရုံးသို့ ဦးတိုက် လျှောက်ထားကာ သူ့အား တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ကိုခိုင်မျိုးထွန်း၏ ရှေ့နေဖြစ်သူမှ ကိုခိုင်မျိုးထွန်းသည် အာရုံ ကြောအားနည်းသည့်အတွက် ဆေးကုသနေရပြီး ထောင်တွင်း တွင် သုံးကြိမ်တိုင် လဲကျခဲ့သည်ဟု ပြောကြားခဲ့သည်။ သူ၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ဆရာဝန် ၏ ဆေးစာ အားလည်း တရားရုံးသို့ တင်သွင်းခဲ့ပြီးဖြစ်သည်။ သူ၏ရှေ့နေ ဖြစ်သူမှ စ စ်တွေခရိုင်တရားသို့ အယူခံဝင်သွား မည်ဖြစ်ပြီး ကိုခိုင်မျိုးထွန်းသည် ကျန်းမာရေးမကောင်းသည့်အတွက် အာမခံ ရရှိသင့်ပြီး ထွက်မပြေးရန် အာမခံပေးနိုင်သည် ဟု ပြောကြားခဲ့ သည်။ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကိုခိုင်မျိုးထွန်းသည် ရုံးချိန်းတက်ရောက်ရမည်ဖြစ်သည်။
[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ဧရာဝတီ]

## ▪ ထောင်မှလွတ်မြောက်မှုများ

### လွတ်ရက်စေ့သဖြင့် လယ်သမား ၅၅ ဦး ပြန်လည်လွတ်မြောက်

ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကွန်လုံကျေးရွာအုပ်စု၊ ရေပူကျေးရွာမှ လယ်သမား ၅၅ ဦးတို့သည် တောင်လေးလုံး အကျဉ်းထောင်မှ လွတ်မြောက်လာခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တောင်ကြီးမြို့နယ်တရားရုံးမှ ထိုလယ်သမားများအား အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်လစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ထိုတောင်သူများအား ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ စစ်တပ်မှ သိမ်းဆည်းထားသော လယ်ယာမြေများပေါ်တွင် ဆက်လက်၍ ကျူးကျော် ထွန်ယက်ခြင်းအတွက် ထိုဒေသခံ လယ်သမားများသည် ပိုင်နက်ကျူးလွန်မှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ အကျိုးဖျက်ဆီးမှု၊ ရာဇသတ်ကြီးပုဒ်မ ၄၂၇ တို့ဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်း ဖြစ်သည်။ လွတ်မြောက်လာသူများထဲမှ တစ်ဦးဖြစ်သူ မမော်မော်ဦးမှ ရေပူကျေးရွာရှိ လယ်ယာမြေအငြင်းပွားမှုများအား ဖြေရှင်းရန် အစိုးရထံမှ အကူအညီ တောင်းခံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုလယ်ယာမြေများကို ၂၀၀၄ ခုနှစ်တွင် စစ်တပ်မှ မသိမ်းဆည်းမီ ရွာအနီးရှိ ထိုလယ်ယာမြေများပေါ်တွင် ထွန်ယက်ခွင့်ရရှိထားသည်ဟု ရေပူလယ်သမားများမှ ပြောကြားခဲ့သည်။ ထိုလယ်ယာမြေများပေါ်တွင် ပြန်လည်ထွန်ရက်သောအခါ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် (တောင်နီစိုက်ကွင်း) တာဝန်ခံမှ ၎င်းတို့အား အမှုဖွင့်တိုင်ကြားခဲ့ပြီး မမော်မော်ဦးအပါအဝင် လယ်သမား ၇၂ ဦးသည် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ အာဏာပိုင် များမှ စစ်တပ်နှင့် လယ်သမားများကြား စေ့စပ်ညှိနှိုင်းရန် ကြိုးပမ်းခဲ့သော် လည်း စစ်တပ်မှ လက်မခံခဲ့ပါ။

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ 7 Day Daily/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ ဒီဗွီဘီ]

### ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမား ၂၁ ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ

ဇန်နဝါရီလ ၃ ရက်နေ့တွင် မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့နယ်၊ ခန်လူးကျေးရွာမှ အမျိုးသမီး ၁၆ ဦးနှင့် အမျိုးသား ငါးဦးတို့သည် ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမ ှုတို့ဖြင့် ဖမ်း ဆီး၊ တရားစွဲဆိုခံခဲ့ရကာ မန္တလေး၊ အိုးဘိုထောင်တွင် ထိန်းသိမ်းခံခဲ့ရသည်။ ၂၀၁၁ ခုနှစ်တွင် အမှတ်(၂) စစ်ဖက်ရေးရာ လုံခြုံရေးအဖွဲ့(စရဖ)က ခန်လူးကျေးရွာသား ၂၄ ဦး ပိုင်ဆိုင်သည့် လယ်ယာမြေဧက ၇၀ လောက်ကို သီးနှံလျော်ကြေး အနည်းငယ်သာပေးပြီး သိမ်းယူခဲ့သည်။ စရဖက ယခုအချိန်အထိ အသုံးမပြုသေးသည့် မြေဧက ၅၀ ခန့်တွင် ၎င်းတို့အား သီးနှံစိုက်ပျိုးခွင့်ပြုခဲ့သည်ဟု လယ်သမားများမှ ပြောကြား ခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် စရဖမှ ၎င်းတို့ သိမ်းယူထားသော လယ်ယာမြေများကို ခြံစည်းရိုးခတ်ခဲ့ခြင်း အတွက် လယ်သမားများနှင့် အငြင်းပွားမှုဖြစ်ပွားခဲ့သည်။ လယ်သမားများသည် သိမ်းဆည်းခံ လယ်ယာမြေများ ပြန်လည်ရရှိရန်အတွက် နေပြည်တော်သို့ အသနားခံစာ တင်ပြခဲ့ပြီးဖြစ်သည်။ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ၎င်းတို့သည် အာမခံဖြင့် လွတ်မြောက်ခဲ့သည်။ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ၎င်းတို့ ထပ်မံ၍ ရုံးချိန်းတက်ရောက်ရမည် ဖြစ်သည်။

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်၊ ဧရာဝတီ]

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ ဧရာဝတီ/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊ မဇ္ဈိမ]

### အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်

ဇန်နဝါရီလ ၆ ရက်နေ့တွင် အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ် ဦးသန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ကိုဝေ ဖြိုးတို့သည် တစ်ဦးလျှင် ကျပ် သိန်းငါးရာဖြင့် အာမခံရရှိခဲ့သည်။ ဦးသန်းထွဋ်အောင်၏ ကျန်းမာရေးအခြေအနေအား ကုသခဲ့သော ထောင်ဆရာဝန်မှ တရားရုံးသို့ ‌ထောက်ခံ ခဲ့သောကြောင့် ဦးသန်းထွဋ်အောင်သည် အာမခံ ရရှိခဲ့ပြီး ကိုဝေဖြိုးသည် အချုပ်လွတ် ထုချေခွင့်ရရှိခဲ့သည်။ ၎င်းတို့နှစ်ဦး သည် အင်းစိန်အကျဉ်းထောင်၌ နှစ်လနီးပါးကြာ ထိန်းသိမ်းခံခဲ့ ရပြီး ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ) ဖြင့် ယခုလက်ရှိတွင် တရားရင်ဆိုင်နေရသည်။ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဦးသန်းထွဋ်အောင်သည် ထောင်တွင်း၌ နှလုံးရောဂါဖောက်ခဲ့သော်လည်း ချက်ချင်း ဆေးကုသ ခံယူခွင့်မရရှိခဲ့ပါ။ ထို့ပြင် ဒီဇင်ဘာ ၉ ရက်နေ့တွင် သူသည် ‌ထောင်တွင်း ချော်လဲကျခြင်းကြောင့် ခါးရိုးနာသည့် ဒဏ်ရာရရှိခဲ့ပြီး ယင်းဒဏ်ရာကို ထောင်ဆေးရုံ၌ ဓာတ်မှန်ရိုက် စစ်ဆေး ကုသစဉ် ကတ်ကြေးပြတ်ကျခဲ့ခြင်းကြောင့် ခါးနာကျင်သည့် ဒဏ်ရာ ဆိုးရွားစွာ ခံစားခဲ့ရသည်။ ထို့ကြောင့် တာမွေတရားရုံးသို့ ရုံးထုတ်ရာတွင် အင်းစိန်အကျဉ်းထောင်မှ ရဲလူနာတင်ယာဉ်ဖြင့် တရားရုံး သို့ ခေါ်ယူစစ်ဆေးခဲ့ရသည်။ ဦးသန်းထွဋ်အောင်နှင့် အီ လဲဗင်းမီဒီယာဂရု တာ ဝန်ရှိသူများက ၎င်းတို့ထုတ်ဝေနေသည့် The Daily Eleven သတင်းစာမှတစ်ဆင့် ‘ရွှေးကောက်ပွဲတစ်နှစ်ကြာသော်’ ခေါင်းစဉ်ဖြင့် အယ် ဒီတာ့ အာဘော်တွင် ဖော်ပြခဲ့သော အချက်အလက်အချို့သည် လွဲမှားေ နခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ကို တောင်းပန်ကြောင်း ကြေညာချက်ထုတ်ခဲ့သ ည်။ ဇန်နဂါရီ ၁၃ ရက်နေ့ ရုံးချိန်းတွင် ၎င်းတို့နှစ်ဦး၏ ရှေ့နေများမှ တောင်းပန်ချက်နှင့် ပတ်သက်ပြီး တရားလို ရန်ကုန်တိုင်းအစိုးရ အဖွဲ့ ညွှန်ကြားရေးမှူး ဦးမိုးဟိန်းကို မေးခွန်းများ မေးမြန်းခဲ့ သည်။

တရားလိုမှ ဇန်နဝါရီလ ၂၇ ရက်နေ့ရုံးချိန်းတွင် မေးခွန်း များ မေးမြန်းရန် သက်သေ ဆယ်ဦး၏ စာရင်းအား တရားရုံးသို့ တင်သွင်းခဲ့ပြီး ထိုနေ့ရုံးချိန်းတွင် သက်သေတစ်ဦး ကိုသာ စစ်ဆေးခဲ့သည်။ ကျန်သည့်သက်သေများအား ဖေဖော်ဝါရီလ ၁၀ ရက်နေ့ရုံးချိန်း တွင် စစ်ဆေးမည်ဖြစ်သည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ Frontier Myanmar
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ ဒီဗွီဘီ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ မဇ္ဈိမ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ အီလဲဗင်း
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ မြန်မာတိုင်း
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ မြန်မာတိုင်း

**စစ်တွေထောင်မှ အမျိုးသားတစ်ဦး လွတ်မြောက်**

ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရမ်းဗြဲမြို့နယ်မှ ကိုမောင်သိန်းညွှန့် ခေါ် ကိုဂျပန်ကြီးသည် စစ်တွေထောင်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အင်းစိန်မြောက်ပိုင်းခရိုင်တရားရုံးမှ သူ့အား ထောင်ဒဏ်လေးနှစ်ချမှတ်ခဲ့သည်။ သူ့အား ကိုခိုင်နေမင်းကဲ့သို့ ဖောက်ခွဲရေးပစ္စည်းများ ပိုင်ဆိုင်သည်ဟု စွပ်စွဲကာ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဖောက်ခွဲရေးအက်ဥပဒေ၊ ပုဒ်မ ၅ ဖြင့် ဖမ်းဆီးခဲ့သည်။ ကိုခိုင်နေမင်းသည် ရန်ကုန်မြို့ရှိ တည်းခိုခန်းတစ်ခုတွင် တည်းခိုနေစဉ် လက်နက်များ လက်ဝယ်တွေ့ရှိသည်ဟု စွပ်စွဲခံခဲ့ ရကာ ဖမ်းဆီးခံခဲ့ရပြီး ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ တွင် စစ်တွေထောင်မှ လွတ်မြောက်ခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ နိရဉ္စရာ/မြန်မာ

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့သည့် ကျောင်းသားကိုးဦးအား စစ်တပ်မှ အသရေဖျက်မှုဖြင့် တရားစွဲဆို**

ဇန်နဝါရီလ ၁၇ ရက်နေ့တွင် စစ်တပ်မှ ကျောင်းသား ကိုးဦးအား အသရေဖျက်မှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် ပုသိမ်မြို့နယ် တရားရုံး၌ တရားစွဲဆိုခဲ့သည်။ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ပုသိမ်ဟိုတယ်တွင် ကျင်းပခဲ့သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၌ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကြား ဖြစ်ပွားနေသော ပဋိပက္ခများကို ပြဇာတ်ကပြခဲ့ပြီးနောက် ထိုကျောင်းသားများသည် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ စစ်ဦးစီး ပထမတန်း ဒုဗိုလ်မှူးကြီးအောင်မျိုးခိုင်မှ တရားလို ပြုလုပ်၍ တိုင်တန်းခဲ့ခြင်းဖြစ်ပြီး ၎င်းမှ ကျောင်းသားများသည် တပ်မတော်နှင့် ၎င်းတို့မိသားစုဝင်များ၏ ဂုဏ်သိက္ခာကို ထိခိုက်အောင်ပြုလုပ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ကျောင်းသားကိုးဦးထဲမှ လေးဦးသည် အထက်တန်းကျောင်းသားများဖြစ်ပြီး သုံးဦးသည် ပုသိမ်တက္ကသိုလ်တွင် ပညာသင်ကြားနေကာ နှစ်ဦးသည် အဝေးသင်တက္ကသိုလ် တက်ရောက်နေသူများဖြစ်သည်။ ထိုပြဇာတ်ကို ဦးဆောင်စီစဉ်သူ ကိုအောင်ခန့်မှ ပြဇာတ်၏ အဓိက ပြောချင်သော အကြောင်းအရာသည် စစ်ပွဲများ အလိုမရှိဆိုသည်ကို ပြောချင်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ထိုကျောင်းသားများ ရုံးချိန်းတက်ရောက်ရမည်ဖြစ်သည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ မဇ္ဈိမ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ

**ပိုင်နက်ကျူးလွန်ခြင်းအတွက်လယ်သမား ၃၇ ဦးကို အမှုဖွင့်**

ဗိုလ်ကြီးဟောင်းတစ်ဦး၏ သားဖြစ်သူ ကိုဇေဇေအောင်က ၎င်းပိုင်ဆိုင်သည့် ဝါးခင်းအတွင်း ဝင်ရောက် ဝါးခုတ်ခြင်းအတွက် ဧရာဝတီတိုင်း ဒေသကြီး၊ ကန်ကြီးဒေါင့်မြို့နယ်၊ နန္ဒင်း ဂရက်ကျေးရွာမှ တောင်သူ ၃၇ ဦးကို အမှုဖွင့်ခဲ့သည်။ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ထိုတောင်သူများအား ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှုတို့ဖြင့် ကန်ကြီးထောင့်မြို့နယ်ရဲစခန်း၌ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ အဆိုပါမြေနေရာကို အစိုးရဟောင်းမပြောင်းမီ လေးပိုင်းပိုင်းခြားကာ တစ် ပိုင်းကို ဦးဇေဇေအောင် အား ပေးခဲ့ပြီး ကျန်သုံးပိုင်းကို လယ်သမားများအား ပေးခဲ့သည်။ နှစ်ဖက် စလုံးမှ ထိုခွဲဝေပေးမှုနှင့် ပတ် သက်၍ ကျေနပ်ခြင်းမရှိပဲ မြေအားလုံးကို ၎င်းတို့သာ ပိုင်ဆိုင်သင့်သည်ဟု အငြင်းပွားလျက်ရှိသည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ Frontier
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်၊ Frontier/မြန်မာ

**သူရိယနေဝန်းသတင်းစာ ပုဒ်မ၆၆(ဃ) ဖြင့် အမှုဖွင့်ခံရ**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် ၏ ဥက္ကဌဖြစ်သူ သူရဦးရွှေမန်းနှင့် သားဖြစ်သူ ဦးတိုးနိုင်မန်းတို့ကို အသရေဖျက်သည်ဟူသော စွပ်စွဲချက်ဖြင့် အငြိမ်းစားတပ်မတော်အရာရှိ ဦးမြင့်ဇော်က အပတ်စဉ်ထုတ် သူရိယနေ ဂျာနယ်ကို တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်တန်းခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် သူရဦးရွှေမန်းနှင့် ဦးတိုးနိုင်မန်းတို့ကို ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ဆောင်းပါးများအား သူရိယနေ ဂျာနယ်တွင် ရေးသားဖော်ပြခဲ့ခြင်းအတွက် ဇန်နဝါရီလ ၉ ရက်နေ့တွင် သူရိယနေဝန်းဂျာနယ် ထုတ်ဝေသူ ဦးခင်အေး၊ ဂျာနယ် တိုက် အုပ်ချုပ်သူ ဦးကျော်တင့်နှင့် ဆောင်းပါးရှင် ထောင်သူရဲဘအုပ်တို့သည် ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ)ဖြင့် မင်္ဂလာဒုံမြို့နယ် ရဲစခန်း၌ အမှုဖွင့်ခြင်းခံခဲ့ရသည်။ စုံစမ်းမှုများစတင်နေပြီဖြစ်သော်လည်း ၎င်းတို့သည် ဖမ်းဆီး စစ်ဆေးခံရခြင်းမရှိသေးပါ။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊ The Voice/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ မြန်မာတိုင်း

**ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆ (ဃ) ဖြင့် တရားရင်ဆိုင်နေရသော ကိုရှိုင်းထက်အောင် အာမခံငြင်းပယ်ခံရ**

ဇန်နဝါရီလ ၅ ရက်နေ့တွင် ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုခံထားရသော ကိုရှိုင်းထက်အောင်၏ အာမခံလျှောက်ထားမှုအား သဃ်န်းကျွန်းမြို့နယ်တရားသူကြီးမှ ငြင်းပယ်ခဲ့သည်။ ၂၀၁၅ခုနှစ် အထက်မြန်မာပြည်ရေကြီးရေလျှံမှုတွင် လေလွင့်ခွေးများ ချစ်သူများအဖွဲ့မှ ၆ ရဘေးဒုက္ခရောက်နေသော

လေလွင့်ခွေးများကယ်ဆယ်ရေးအတွက် အလှူငွေများ ကောက်ခံကာ အလွဲသုံးစား ပြုလုပ်ခဲ့၍ ဖော်ထုတ်စစ်ဆေး ပေးပါရန် မောင်ရှိုင်းထက်အောင်က နိုင်ငံတော်သမ္မတထံ တိုင်တန်းခဲ့သည်။ ထို့ပြင် တိုင်ကြားခံရသူ လေလွင့်ခွေးများ ချစ်သူများအဖွဲ့မှ အဖွဲ့ဝင် ဒေါ်ကြူကြူသိန်း လွင်မှလည်း ကိုရှိုင်းထက်အောင်သည် သူမ၏ လူမှုကွန်ရက်စာမျက်နှာကို ခိုးယူကာ အသရေဖျက်ခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်ခြင်း၊ ဓာတ်ပုံများခိုးယူအသုံးပြုခဲ့ခြင်းအတွက် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ မကွေး ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးပါမောက္ခ ဦးဆောင်သော သံဃာတော်များသည် ကိုရှိုင်းထက်အောင် အာမခံငြင်းပယ်ခံခဲ့ရခြင်းအတွက် တရားရုံးရှေ့တွင် စုရုံးဆန္ဒပြခဲ့ကြသည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ မဇ္ဈိမ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ မဇ္ဈိမ

**ရခိုင်အမျိုးသားပါတီအဖွဲ့ဝင်တစ်ဦးမှ အမျိုးသားတစ်ဦးအား ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆို**

ဒေသဆိုင်ရာ ရခိုင်အမျိုးသားပါတီ (ANP) ၏ ဥက္ကဌဖြစ်သူ၊ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အောင်ဆိတ်ကျေးရွာမှ ဦးမောင်တင်ထွန်းသည် စစ်တွေမြို့နယ် ရဲစခန်း၌ ဆက်သွယ်ရေး ဥပဒေ၊ ပုဒ်မ ၆၆(ဃ)ဖြင့် ဦး သာလှထွန်းအား အမှုဖွင့်ခဲ့သည်။ ဦးသာလှထွန်းသည် ခွင့်ပြုချက်မရှိပဲ လူမှုကွန် ရက်စာမျက်နှာ၌ ဦးမောင်တင်ထွန်း၏ ဓာတ်ပုံကို အသုံးပြုခဲ့ခြင်း၊ ANP ဥက္ကဌ ဦးအောင်မောင်းအပါအဝင် ANP ၏ အဆင့်မြင့်အရာရှိများကို အသရေဖျက်ခြင်းများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်၊ ဧရာဝတီ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်၊ ဒီဗွီဘီ

# အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

**အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည်များကို စစ်ဆေးရန် NLD အဖွဲ့ဖွဲ့**

အစိုးရ အဖွဲ့ဝင်များနှင့် လွှတ်တော် ကို ယ်စားလှယ်များ၏ လုပ်ငန်း စွမ်းဆောင်ရည်များကို လေ့လာစိစစ်မည့် အဖွဲ့ ကို အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) က ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်ခြောက်ဦးပါဝင်သော ထိုအဖွဲ့ကို NLD ဗဟိုအလုပ်အမှုဆောင် ဦးဝင်းထိန်က ဦးဆောင်ပြီး အဖွဲ့ဝင်များအဖြစ် ပြ ည်သူ့လွှတ်တော် ဥက္ကဌ ဦးဝင်းမြင့်၊ မန္တလေးတိုင်း ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ NLD ဗဟိုအလုပ်အမှုဆောင် အရံအဖွဲ့ဝင်နှင့် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မျိုးညွန့်၊ မန္တလေးတိုင်းဒေသကြီး NLD ဗဟိုအလုပ်အမှုဆောင် ကော်မတီဥက္ကဌနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွဋ်ဦးနှင့် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်လဲ့လဲ့တို့ပါဝင်ကြောင်း NLD၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ထိုအဖွဲ့ဖွဲ့စည်းရန် ဇန်နဝါရီလ ၇ ရက်နေ့တွင် ပြုလုပ်ခဲ့သော NLD ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွ င် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။ ဦးဝင်းထိန်မှ လွှတ်တော်နှင့် အစိုးရသက်တမ်းသည် တစ်နှစ် ဝန်းကျင်ရှိလာပြီဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်သည် ရွေးကောက်ပွဲမတိုင်မီ NLD ထုတ်ပြန်ခဲ့သော ကြေညာစာတမ်းနှင့် မည်မျှ ကိုက်ညီမှုရှိ၊ မရှိကို လေ့လာဆန်းစစ်မည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ထိုဆုံး ဖြတ်ချက်သည် တနင်္သာရီ တိုင်းလွှတ်တော်ဥက္ကဌ ဦးခင်မောင်အေး၊ ဒုဥက္ကဌ ဦးကြည်စိုးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးတို့အား စစ်ဆေးရာမှ အစပြုခဲ့ခြင်းဖြစ်သည်။ ဦးဝင်းထိန်မှ ပြည်ထောင်စုနှင့် တိုင်းအဆင့်တာဝန်ရှိသူများကိုလည်း လေ့လာဆန်းစစ်မည်ဟု မီဒီယာများအား ပြောကြားခဲ့သည်။ ထိုအဖွဲ့၏ လေ့လာတွေ့ရှိချက်များကို သမ္မတနှင့် နိုင်ငံတော် အတို င်ပင်ခံ ပုဂ္ဂိုလ်တို့ထံ တင်ပြမ ည်ဖြစ်ပြီး လွှတ်တော်နှင့်ပတ်သက်သူများကို လွှတ်တော်မှ အရေးယူမည်ဖြစ်ပြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် များကို သမ္မတနှင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂို လ်တို့မှ အရေးယူမည်ဖြစ်သည်။

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ ဘီဘီစီ/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ ဗွီအိုအေ/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ ဧရာဝတီ]

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ The Voice/မြန်မာ]

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ မြန်မာတိုင်း]

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ အီလဲဗင်း]

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်၊ ဗွီအိုအေ/မြန်မာ]

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရဲအရာရှိများကို လူ့အခွင့်အရေးဆိုင်ရာ သင်တန်းပို့ချ**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အစီအစဉ်ဖြင့် ဇန်နဝါရီလ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံးသ င်တန်းခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရဲအရာရှိ ငါးဆယ်ဦးအား လူ့အခွင့်အရေးဆိုင်ရာသင်တန်းပို့ချပေးခဲ့သည်။ ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးချုပ်ဝင်းနိုင်မှ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး စံချိန်၊ စံညွှန်းများ နှင့်အညီ အချိုးညီစွာ ကျင့်သုံးဆောင်ရွက်နိုင်ရန် အဆိုပါသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

[၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ The Voice/မြန်မာ]

# အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

## ဇန်နဝါရီလ ၂ ရက်

ရခိုင်အမျိုးသားပါတီအဖွဲ့ဝင်တစ်ဦးမှအမျိုးသားတစ်ဦးအားပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆို၊ ဧရာဝတီ

ရခိုင်အမျိုးသားပါတီအဖွဲ့ဝင်တစ်ဦးမှအမျိုးသားတစ်ဦးအားပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆို၊ ဒီဗွီဘီ

## ဇန်နဝါရီလ ၄ ရက်

ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမား ၂၁ ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## ဇန်နဝါရီလ ၅ ရက်

ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမား ၂၁ ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ဧရာဝတီ

ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆ (ဃ) ဖြင့် တရားရင်ဆိုင်နေရသော ကိုရှိုင်းထက်အောင် အာမခံငြင်းပယ်ခံရ၊ မဇ္ဈိမ/မြန်မာ

စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင် နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ မြန်မာတိုင်း

## ဇန်နဝါရီလ ၆ ရက်

ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမား ၂၁ ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ဧရာဝတီ/မြန်မာ

ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆ (ဃ) ဖြင့် တရားရင်ဆိုင်နေရသော ကိုရှိုင်းထက်အောင် အာမခံငြင်းပယ်ခံရ၊ မဇ္ဈိမ

ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှု အကြိမ်ကြိမ်ငြင်းပယ်ခံရ၊ မဇ္ဈိမ/မြန်မာ

စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင် နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ ဧရာဝတီ

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ အီလဲဗင်း/မြန်မာ

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ ဒီဗွီဘီ/မြန်မာ

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ ဧရာဝတီ/မြန်မာ

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ မဇ္ဈိမ/မြန်မာ

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ မြန်မာတိုင်း/မြန်မာ

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ ဧရာဝတီ

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ Frontier Myanmar

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ ဒီဗွီဘီ

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ လွတ်လပ်သော အာရှအသံ

## ဇန်နဝါရီလ ၇ ရက်

ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှု အကြိမ်ကြိမ်ငြင်းပယ်ခံရ၊ မဇ္ဈိမ

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ 7 Day Daily/မြန်မာ

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ မဇ္ဈိမ

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ အီလဲဗင်း

## ဇန်နဝါရီလ ၉ ရက်

ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှု အကြိမ်ကြိမ်ငြင်းပယ်ခံရ၊ The Guardian

အီလဲဗင်းမီဒီယာဂရု၏ အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ မြန်မာတိုင်း

## ဇန်နဝါရီလ ၁၀ ရက်

ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမား ၂၁ ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## ဇန်နဝါရီလ ၁၁ ရက်

ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမား ၂၁ ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ မဇ္ဈိမ

ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှု အကြိမ်ကြိမ်ငြင်းပယ်ခံရ၊ မြန်မာတိုင်း

ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှု အကြိမ်ကြိမ်ငြင်းပယ်ခံရ၊ မြန်မာတိုင်း/မြန်မာ

ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှု အကြိမ်ကြိမ်ငြင်းပယ်ခံရ၊ အီလဲဗင်း/မြန်မာ

သူရိယနေဝန်းသတင်းစာ ပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်ခံရ၊ The Voice/မြန်မာ

## ဇန်နဝါရီလ ၁၂ ရက်

သူရိယနေဝန်းသတင်းစာပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်ခံရ၊ ဗွီအိုအေ/မြန်မာ

သူရိယနေဝန်းသတင်းစာပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်ခံရ၊ ဧရာဝတီ/မြန်မာ

သူရိယနေဝန်းသတင်းစာပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်ခံရ၊ ဒီဗွီဘီ/မြန်မာ

စစ်တွေထောင်မှ အမျိုးသားတစ်ဦး လွတ်မြောက်၊ နိရဉ္စရာ/မြန်မာ

### ဇန်နဝါရီလ ၁၃ ရက်

KIA နှင့် ဆက်သွယ်ခြင်းအတွက် မတရားအသင်းအက်ဥပဒေဖြင့် ABSDF အဖွဲ့ဝင် ကိုမင်းဌေး ဆက်လက် တရားရင်ဆိုင်နေရ၊ လွတ်လပ်သော အာရှအသံ/မြန်မာ

KIA နှင့် ဆက်သွယ်ခြင်းအတွက် မတရားအသင်းအက်ဥပဒေဖြင့် ABSDF အဖွဲ့ဝင် ကိုမင်းဌေး ဆက်လက် တရားရင်ဆိုင်နေရ၊ ဧရာဝတီ/မြန်မာ

KIA နှင့် ဆက်သွယ်ခြင်းအတွက် မတရားအသင်းအက်ဥပဒေဖြင့် ABSDF အဖွဲ့ဝင် ကိုမင်းဌေး ဆက်လက် တရားရင်ဆိုင်နေရ၊ မဇ္ဈိမ/မြန်မာ

### ဇန်နဝါရီလ ၁၄ ရက်

KIA နှင့် ဆက်သွယ်ခြင်းအတွက် မတရားအသင်းအက်ဥပဒေဖြင့် ABSDF အဖွဲ့ဝင် ကိုမင်းဌေး ဆက်လက် တရားရင်ဆိုင်နေရ၊ မဇ္ဈိမ

### ဇန်နဝါရီလ ၁၆ ရက်

KIA နှင့် ဆက်သွယ်ခြင်းအတွက် မတရားအသင်းအက်ဥပဒေဖြင့် ABSDF အဖွဲ့ဝင် ကိုမင်းဌေး ဆက်လက် တရားရင်ဆိုင်နေရ၊ BNI/မြန်မာ

အီလဲဗင်းမီဒီယာဂရုဏ် အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံဖြင့် လွတ်မြောက်၊ မြန်မာတိုင်း

သူရိယနေ့ဝန်းသတင်းစာ ပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်ခံရ၊ မြန်မာတိုင်း

### ဇန်နဝါရီလ ၁၇ ရက်

ဘာသာပေါင်းစုံချစ်ကြည်ရေးလှုပ်ရှားသူနှစ်ဦး၏ အယူခံ လျှောက်ထားမှုအား ဆက်လက်ပယ်ချ၊ ဧရာဝတီ

ကျန်းမာရေးအခြေအနေစိုးရိမ်ရသော်လည်း လူ့အခွင့်အရေးလှုပ်ရှားသူ ကိုခိုင်မျိုးထွန်း၏ အာမခံပယ်ချခံရ၊ ဧရာဝတီ

### ဇန်နဝါရီလ ၁၈ ရက်

ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှု အကြိမ်ကြိမ်ငြင်းပယ်ခံရ၊ မြန်မာတိုင်း

ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှု အကြိမ်ကြိမ်ငြင်းပယ်ခံရ၊ မြန်မာတိုင်း/မြန်မာ

### ဇန်နဝါရီလ ၁၉ ရက်

စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင်နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ လွတ်လပ်သော အာရှအသံ/မြန်မာ

စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင်နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ ဘီဘီစီ/မြန်မာ

အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည်များကိုစစ်ဆေးရန် NLD အဖွဲ့ဖွဲ့၊ ဘီဘီစီ/မြန်မာ

အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည်များကိုစစ်ဆေးရန် NLD အဖွဲ့ဖွဲ့၊ ဗွီအိုအေ/မြန်မာ

အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည်များကို စစ်ဆေးရန် NLD အဖွဲ့ဖွဲ့၊ ဧရာဝတီ

လွှတ်ရက်စေ့သဖြင့် လယ်သမား ၅၂ ဦး ပြန်လည်လွတ်မြောက်၊ 7 Day Daily/မြန်မာ

### ဇန်နဝါရီလ ၂၀ ရက်

စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင်နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ ဒီဗွီဘီ/မြန်မာ

စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင်နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ ဧရာဝတီ/မြန်မာ

စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင်နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ ဧရာဝတီ

စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင်နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ မြန်မာတိုင်း

အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည်များကိုစစ်ဆေးရန် NLD အဖွဲ့ဖွဲ့၊ ဧရာဝတီ/မြန်မာ

အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည်များကို စစ်ဆေးရန် NLD အဖွဲ့ဖွဲ့၊ The Voice/မြန်မာ

အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည်များကိုစစ်ဆေးရန် NLD အဖွဲ့ဖွဲ့၊ မြန်မာတိုင်း

အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည်များကိုစစ်ဆေးရန် NLD အဖွဲ့ဖွဲ့၊ အီလဲဗင်း

လွှတ်ရက်စေ့သဖြင့် လယ်သမား ၅၂ ဦး ပြန်လည်လွှတ်မြောက်၊ ဒီဗွီဘီ

### ဇန်နဝါရီလ ၂၁ ရက်

စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့သည့် ကျောင်းသားကိုးဦးအား စစ်တပ်မှ အသရေဖျက်မှုဖြင့် တရားစွဲဆို ၊ ဧရာဝတီ/မြန်မာ

### ဇန်နဝါရီလ ၂၂ ရက်

စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့သည့် ကျောင်းသားကိုးဦးအား စစ်တပ်မှ အသရေဖျက်မှုဖြင့် တရားစွဲဆို၊ လွတ်လပ်သော အာရှအသံ/မြန်မာ

စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့သည့် ကျောင်းသားကိုးဦးအား စစ်တပ်မှ အသရေဖျက်မှုဖြင့် တရားစွဲဆို၊ 7 Day Daily/မြန်မာ

### ဇန်နဝါရီလ ၂၃ ရက်

စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့သည့် ကျောင်းသားကိုးဦးအား စစ်တပ်မှ အသရေဖျက်မှုဖြင့် တရားစွဲဆို၊ ဧရာဝတီ

KIA နှင့် ဆက်သွယ်ခြင်းအတွက် မတရားအသင်းအက်ဥပဒေဖြင့် ABSDF အဖွဲ့ဝင် ကိုမင်းဌေး ဆက်လက် တရားရင်ဆိုင်နေရ၊ မဇ္ဈိမ/မြန်မာ

### ဇန်နဝါရီလ ၂၄ ရက်

အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည်များကိုစစ်ဆေးရန် NLD အဖွဲ့ဖွဲ့၊ ဗွီအိုအေ/မြန်မာ

စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင် နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ ဒီဗွီဘီ
ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှု အကြိမ်ကြိမ်ငြင်းပယ်ခံရ၊ မဇ္ဈိမ/မြန်မာ
KIA နှင့် ဆက်သွယ်ခြင်းအတွက် မတရားအသင်းအက်ဥပဒေဖြင့် ABSDF အဖွဲ့ဝင် ကိုမင်းဌေး ဆက်လက် တရားရင်ဆိုင်နေရ၊ ဧရာဝတီ/မြန်မာ
ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဟူးမန်းကျေးရွာတွင် ရွာသားနှစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်းခံရ၊ သတင်းနှင့် မီဒီယာကွန်ရက်/မြန်မာ

ဇန်နဝါရီလ ၂၅ ရက်

စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့သည့် ကျောင်းသားကိုးဦးအား စစ်တပ်မှ အသရေဖျက်မှုဖြင့် တရားစွဲဆို၊ ဒီဗွီဘီ/မြန်မာ
စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့သည့် ကျောင်းသားကိုးဦးအား စစ်တပ်မှ အသရေဖျက်မှုဖြင့် တရားစွဲဆို၊ မဇ္ဈိမ/မြန်မာ
စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့သည့် ကျောင်းသားကိုးဦးအား စစ်တပ်မှ အသရေဖျက်မှုဖြင့် တရားစွဲဆို၊ 7 Day Daily/မြန်မာ
စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့သည့် ကျောင်းသားကိုးဦးအား စစ်တပ်မှ အသရေဖျက်မှုဖြင့် တရားစွဲဆို၊ အီလဲဗင်း/မြန်မာ
စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင် နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ ဗွီအိုအေ/မြန်မာ
စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင် နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ ဘီဘီစီ/မြန်မာ
စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင် နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ လွတ်လပ်သော အာရှအသံ/မြန်မာ
စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင် နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ မဇ္ဈိမ/မြန်မာ
ကိုမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှု အကြိမ်ကြိမ်ငြင်းပယ်ခံရ၊ ဒီဗွီဘီ/မြန်မာ
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရဲအရာရှိများကို လူ့အခွင့်အရေးဆိုင်ရာ သင်တန်းပို့ချ၊ The Voice/မြန်မာ

ဇန်နဝါရီလ ၂၆ ရက်

စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့သည့် ကျောင်းသားကိုးဦးအား စစ်တပ်မှ အသရေဖျက်မှုဖြင့် တရားစွဲဆို၊ မဇ္ဈိမ
စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့သည့် ကျောင်းသားကိုးဦးအား စစ်တပ်မှ အသရေဖျက်မှုဖြင့် တရားစွဲဆို၊ လွတ်လပ်သော အာရှအသံ
စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင် နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ ဧရာဝတီ
စစ်တပ်မှ မုန်းကိုးမြို့နယ်ရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင် နှစ်ဦးအား ဖမ်းဆီး၊ ထိန်းသိမ်း၊ မြန်မာတိုင်း
ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမား ၃၇ ဦးကို အမှုဖွင့်၊ Frontier
ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမား ၃၇ ဦးကို အမှုဖွင့်၊ Frontier/မြန်မာ

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂၈၇၈ ၇၅၁
ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၄၂၅၃၀ ၈၈၄၀
ဦးအောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈၁၁၇၃၄၈